## ဒုတိယအကြိမ်ထုတ်
## စာရေးသူ၏ အမှာ

ဤ ‘တိုင်းပြည့်ရန်သူ’ အနောက်တိုင်း ပြဇာတ်ကို ပထမအကြိမ် စ၍ ထုတ်ခဲ့သည်မှာ လွန်ခဲ့သည့် နှစ်ဆယ့်သုံးနှစ်* က ဖြစ်သည်။

နှစ်ဆယ့်သုံးနှစ်ဆိုသော အချိန်သည် လူတယောက်၏ သက်တမ်းအဖို့တွင် တိုသောအချိန်ဟု မဆိုနိုင်ပေ။ ဤပြဇာတ်ကို စ၍ထုတ်သော ၁၉၄၁ ခုနှစ်တွင် မွေးဖွားကြသည့် သူတို့သည် ယခု ၁၉၆၃ ခုနှစ်တွင် အသက် ၂၃ နှစ်ရှိ၍ နေကြပေပြီ။ သားသည် မအေ၊ သားသည် ဖအေများ အရွယ်သို့ ရောက်၍နေကြပြီ။ သို့ရာတွင် ထိုသူများ အကုန်လောက်နီးနီးသည် ‘တိုင်းပြည့်ရန်သူ’ ကို မဖတ်ဖူးကြရုံမျှမက၊ နာမျှ လေသံပင် ကြားဖူးကြမည်မထင်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ ထိုသူတို့သည် စာပေလိုက်စားကြသူများပင် ဖြစ်ကြသည် ဆိုစေကာမူ၊ ‘တိုင်းပြည့်ရန်သူ’ စာအုပ်သည် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပြီးသည့် နောက်အဖို့တွင် ဗမာပြည်၌ ဝယ်၍မရနိုင်သောကြောင့် ဖြစ်သည်။ ဤစာရေးသူကိုယ်တိုင်ပင် ဂျပန်ခေတ်ခေါ် အဓိပတိအုပ်ချုပ်မှုအောက်တွင် မိမိ၌ သိမ်းထားရန် စာမူမရှိသဖြင့် ရန်ကုန်မြို့ ဗဟန်း၊ ကြားတောရလမ်းရှိ စာရေးဆရာတယောက်၏ လမ်းဘေးဆိုင်မှ ‘တိုင်းပြည့်ရန်သူ’ တအုပ်ကို ငါးကျပ်နှင့် အတော်ဆစ်၍ ဝယ်ခဲ့ရသည်။

* ၁၉၄၁ ခုနှစ်တွင် ပထမအကြိမ် ထုတ်ဝေခဲ့သည်။

တိုင်းပြည်တပြည်အတွက်ဆိုလျှင် သို့မဟုတ် လူမျိုးတမျိုးအတွက်ဆိုလျှင်၊ အနှစ်တရာကို ကြာသည်ဟု မဆိုနိုင်ဘူးဟု ဆိုရိုးရှိသော်လည်း ဗမာပြည်အဖို့တွင် ဤ ‘တိုင်းပြည့်ရန်သူ’ ပြဇာတ်၏ အသက်ဖြစ်သော နှစ်ဆယ့်သုံးနှစ်အတွင်း၌ မင်းခုနစ်ကြိမ်ပြောင်းခဲ့သည်ကို တွေ့ရသည်။ ဗမာပြည်ကို ပထမအင်္ဂလိပ်အုပ်စိုးနေရာမှ ဂျပန်များ ဝင်လာပြီးလျှင် ဂျပန့်လက်ထက်ခေါ် အဓိပတိဒေါက်တာဘမော်အစိုးရ အုပ်စိုးသည်။ ထို့နောက် အင်္ဂလိပ်များ ပြန်ရောက်လာပြီးလျှင် အုပ်စိုးပြန်သည်။ ထို့နောက် လွတ်လပ်ရေးရပြီးလျှင် ဦးနု ခေါင်းဆောင်သော ဖဆပလ အုပ်စိုးပြန်သည်။ ထို့နောက် ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရက အုပ်စိုးပြန်သည်။ ထို့နောက် ဦးနု၏ ပြည်ထောင်စုအစိုးရက အုပ်စိုးပြန်သည်။ ထို့နောက် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်း အစိုးရက အုပ်စိုးပြန်သည်။ ဤအတွေ့အကြုံများမှာ ဗမာပြည်အဖို့ နည်းသော အတွေ့အကြုံများ မဟုတ်။ အခြားတိုင်းပြည်များတွင် အများအားဖြင့် နှစ်ပေါင်းရှည်ကြာမှ တွေ့ရသော အတွေ့အကြုံမျိုးများသာ ဖြစ်သည်။

ဤ ‘တိုင်းပြည့်ရန်သူ’ ပြဇာတ်ကို စ၍ ရေးစဉ်တွင် ဗမာပြည်သည် အဆိုပါ အတွေ့အကြုံများကို တွေ့ရလိမ့်မည်ဟုပင် မည်သူကမျှ မထင်မိခဲ့ကြ။ ထိုကဲ့သို့သော အတွေ့အကြုံများကို နောက်ခံမပြုကြရသဖြင့်၊ ထိုခေတ်က ‘တိုင်းပြည့်ရန်သူ’ ကို ဖတ်ကြရသူတို့သည် ‘တိုင်းပြည့်ရန်သူ’ ၏ အရသာကို ကောင်းစွာ ခံစားနိုင်ကြသော အခြေအနေ ရှိချင်မှ ရှိခဲ့ကြပေမည်။ တနည်းဆိုသော် ‘တိုင်းပြည့်ရန်သူ’ သည် စစ်ကြီးမဖြစ်မီ ဗမာပြည်အဖို့တွင် အထုတ်စောလွန်းနေချင် စောလွန်းနေပေမည်။

ယခုအခါ ဗမာပြည်သည် အတွေ့အကြုံများ ကြွယ်ဝလာခဲ့ပြီဖြစ်သဖြင့် ‘တိုင်းပြည့်ရန်သူ’ ၏ အရသာကို ပို၍ ခံစားနိုင်ကြဖွယ်ရှိသည်။ ‘တိုင်းပြည့်ရန်သူ’ ကို စ၍ ထုတ်ပြီးသည့် နောက်အဖို့တွင်၊ ဗမာပြည်၌ ဦးဘိုးထယ်တို့၊ ဦးချစ်ခတို့၊ ဦးဘိုးမှန်တို့၊ ဦးရန်ဝေးတို့ အမြောက်အမြား ပေါ်ခဲ့ကြပြီ။ ဒေါက်တာဂုံမင်းတို့တော့ ပေါ်ခဲ့ပြီဟု ဆိုနိုင်သေးမည် မထင်။ ဗမာ့အတွေ့အကြုံအဖို့ ပြည့်စုံစေရန်အတွက် ဒေါက်တာဂုံမင်းတို့ ပေါ်ဖို့သာ ကျန်တော့မည်။

မည်သည့် တိုင်းပြည်၌မဆို လူအများ၏အကျိုးကို ပါးစပ်က တဖွဖွပြော၍ လက်တွေ့တွင် မိမိ၏အကျိုးအတွက် လုပ်ကြသူများ ရှိကြမြဲ ဖြစ်သည်။ ထိုကဲ့သို့သော ‘အပြောသောတာပန်’ များ၏ စရိုက်ကို ဤ ‘တိုင်းပြည့်ရန်သူ’ ပြဇာတ်တွင် စိတ်ဝင်စားဖွယ်ရာ ကွက်ကွက်ကွင်းကွင်း ဖော်ပြထားသည်။ ဗမာပြည်၌ အဆိုပါ သူမျိုးများသည် မည်သူမည်ဝါများ ဖြစ်သည်ဟု ပုဂ္ဂလဓိဋ္ဌာန်ညွှန်ပြရန် မလိုသော်လည်း အဆိုပါ လူမျိုးများကို သင်တို့ တွေ့မြင်ဖူးကြလိမ့်မည်ဟု ထင်ပါသည်။

ဤ ‘တိုင်းပြည့်ရန်သူ’ ပြဇာတ်ကို ဖတ်၍ ဇာတ်ကောင်တို့၏ စရိုက်များကို လေ့လာပါလျှင် သင်တို့အတွက် လည်းကောင်း၊ သင်တို့ တိုင်းပြည်အတွက် လည်းကောင်း အကျိုးရှိနိုင်ပါလိမ့်မည်။

ဤပြဇာတ်ကို ၁၉၄၁ ခုနှစ်တွင် စ၍ ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သော ဦးထွန်းအေးသည် စစ်ပြီးခါစက ရန်ကုန်မြို့ ဒါလဟိုဇီလမ်း* တွင် သမဝါယမကျောင်းဖွင့်နေသည်ဟု ကြားရပြီးနောက် ယခုအခါတွင် သူ့သတင်းကို ဘာမျှ မကြားရတော့ပါ။

အကယ်၍ နောက် ၂၃ နှစ်ကြာ၍ ဤ ‘တိုင်းပြည့်ရန်သူ’ ပြဇာတ်ကို တတိယအကြိမ် ပုံနှိပ်ထုတ်ဝေရမည်ဆိုသော် ဤစာရေးသူသည် ထို တတိယအကြိမ်ထုတ်အတွက် နိဒါန်းကို ရေးနိုင်တော့မည် မထင်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်တွင် ဤစာရေးသူမှာ အသက်ရှစ်ဆယ့်ခြောက်နှစ် ရှိနေတော့မည် ဖြစ်သဖြင့် ဘဝ၏ ပန်းတိုင်ဖြစ်သော သချိုင်း၌ ငြိမ်းချမ်းစွာ မွေ့လျော်၍ နေရဖွယ်ရှိသောကြောင့် ဖြစ်ပါသည်။

ဤပြဇာတ်ကို မူရင်း နော်ဝေဘာသာမှ အင်္ဂလိပ်ဘာသာသို့ ၁၉၁၁ ခုနှစ်တွင် စ၍ ပြန်ခဲ့ပြီးလျှင် အကြိမ်ပေါင်းများစွာ ဆက်၍ ထုတ်ဝေခဲ့သည်။ ယခုတိုင်အောင်လည်း ဆက်လက်ထုတ်ဝေဆဲဖြစ်သည်။ လူတို့၏စရိုက်သည် ယခုကဲ့သို့ပင် ဆက်၍ ရှိနေလိမ့်ဦးမည် ဖြစ်သဖြင့်၊ နောင်အဖို့တွင်လည်း ဤပြဇာတ်သည် ဆက်၍ စိတ်ဝင်စားဖွယ် ကောင်းလိမ့်မည်သာ ဖြစ်သည်။

ဤပြဇာတ်ကို ဒုတိယအကြိမ် ပြန်၍ ထုတ်ဝေရန် အချိန်တန်ပြီဟု အောက်မေ့နေခိုက်တွင် ဝင်းမော်ဦး စာပေဖြန့်ချိရေးက ပုံနှိပ်ထုတ်ဝေလိုကြောင်း ပြောလာသဖြင့် ကျေးဇူးတင်ရပေသည်။

ယခုခေတ်သည် စာဖတ်သူများ၊ ဝေဖန်သူများ ပေါ်များလာသော ခေတ်ဖြစ်သဖြင့် ဤပြဇာတ်ကို ဖတ်ကြသူနှင့် ဝေဖန်ကြသူတို့ အထိုက်လျောက် ပေါ်များလိမ့်မည် ဟု မျှော်လင့်ရပေသည်။

* ယခု မဟာဗန္ဓုလလမ်း